United Nations Nations Unies

OFFICE OF THE RESIDENT & HUMANITARIAN COORDINATOR, YANGON, REPUBLIC OF THE UNION OF MYANMAR

**UNHCR and UNDP sign a Memorandum of Understanding (MOU) with the Government of the Union of Myanmar to support the creation of conditions for the return of refugees from Bangladesh**

Today UNHCR, the UN Refugee Agency, and UNDP, the UN Development Programme, signed a tripartite Memorandum of Understanding (MoU) with the Government of the Republic of the Union of Myanmar in Nay Pyi Taw.

This MoU is a first and necessary step to establish a framework for cooperation between the UN and the Government aimed at creating conducive conditions for the voluntary, safe, dignified and sustainable repatriation of refugees from Bangladesh and for helping to create improved and resilient livelihoods for all communities living in Rakhine State.

ဘင်္ဂလားဒေ့ရှ်မှ ဒုက္ခသည်များ ပြန်လည်လာရောက်နိုင်မည့်အခြေအနေများ ဖြစ်ပေါ်လာနိုင်ရေးအတွက် ပံ့ပိုးကူညီမှု များဆောင်ရွက်ပေးနိုင်ရန် ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ၊ ကုလသမဂ္ဂဒုက္ခသည်များ ဆိုင်ရာ မဟာမင်းကြီးရုံး (UNHCR) နှင့် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (UNDP)တို့ နားလည်မှုစာချွန်လွှာ ရေးထိုးခဲ့ပါသည်။

ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာအေဂျင်စီတခုဖြစ်သော UNHCR နှင့် ကုလသမဂ္ဂဖွံ့ဖြိုးမှု အစီအစဉ် UNDP တို့သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရနှင့် သုံးပွင့်ဆိုင်နားလည်မှုစာချွန်လွှာတစ်ခုကို ယနေ့ နေပြည်တော်တွင် လက်မှတ်ရေးထိုးခဲ့ကြပါသည်။

ဤနားလည်မှုစာချွန်လွှာသည် ဘင်္ဂလားဒေ့ရှ်မှ ဒုက္ခသည်များ ၎င်းတို့၏ဆန္ဒ သဘောထားနှင့်အညီ၊ အန္တရာယ်ကင်းစွာ၊ သိက္ခာရှိရှိ၊ စဉ်ဆက်မပြတ် ပြန်လာနိုင်မည့်အခြေအနေကောင်းများ ဖြစ်ပေါ်လာရေးနှင့် ရခိုင်ပြည်နယ်အတွင်းရှိ လူမှုအသိုက်အဝန်းများအားလုံး အတွက် ပိုမိုကောင်းမွန်ပြီးခံနိုင်ရည်အားကောင်းသော အသက်မွေးဝမ်းကြောင်းမှုများ ဖန်တီးရေးတို့ကို ရည်ရွယ်သည့် ကုလသမဂ္ဂနှင့် အစိုးရတို့၏ ပူးပေါင်းဆောင်ရွက်မှုအတွက် မူဘောင်တစ်ခု ချမှတ်ရန် လိုအပ်သော ကနဦးခြေလှမ်းတစ်ရပ် ဖြစ်သည်။

OFFICE OF THE RESIDENT & HUMANITARIAN COORDINATOR ÅNO. 6 NATMAUK ROAD ÅP. O. BOX 650 YANGON ÅREPUBLIC OF THE UNION OF MYANMAR
PHONE: (95-1) 542910 TO 542919 ÅFAX: (95-1) 545634 ÅEMAIL: REGISTRY.MM@UNDP.ORG